NSW ပညာရေးဌာန

# ကျောင်းသားများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ

## မိဘနှင့် ပြုစုစောင့်ရှောက်သူများအတွက် သတင်းအချက်အလက်များ

NSW အစိုးရကျောင်းတွေမှာ လူတိုင်းလူတိုင်းဟာ ပါဝင်ခွင့်ရှိပြီး သင်ယူမှုဆိုင်ရာ အမြင့်ဆုံး စံနှုန်းတွေကို ရရှိဖို့ ကြိုးပမ်းကြပါတယ်။

**ဤကျင့်ဝတ်စည်းကမ်းဟာ NSW အစိုးရကျောင်းတွေမှာရှိတဲ့ ကျောင်းသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ၎င်းဟာ အွန်လိုင်း အပါအဝင် ကျောင်းတွင်း၊ ကျောင်းပြင် ကျောင်းလှုပ်ရှားမှု အားလုံးအပြင် ကျောင်းသား တစ်ဦးချင်းစီရဲ့ ကျင့်ကြံနေထိုင်ပုံနဲ့ အခြား ကျောင်းသားတွေ၊ ဆရာ၊ ဆရာမတွေ၊ ကျောင်းဝန်ထမ်းတွေနဲ့ ရပ်ရွာလူထုနဲ့ ဆက်ဆံပြုမူပုံအားလုံးနဲ့ အကျုံးဝင် သက်ဆိုင်ပါတယ်။**

ကျွန်တော်/ကျွန်မဟာ **လေးစားမှု၊ တာဝန်ယူမှုနဲ့ ဘေးကင်းလုံခြုံစေမှု**တို့အပြင် ဆရာ၊ ဆရာမတွေနဲ့ ဝန်ထမ်းတွေရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာခြင်းအားဖြင့် ဤကျင့်ဝတ်စည်းကမ်းကို လိုက်နာသွားမှာ ဖြစ်ပါတယ်။

---

## လူတိုင်းကို လေးစားခြင်း

ဆိုလိုတာက ထောက်ထားစာမှုနဲ့ နားလည်မှု ရှိတာတွေကြောင့် လူတိုင်းဟာ လက်ခံကြိုဆိုပြီး ပါဝင်ခွင့်ရှိတယ်လို့ ခံစားရစေမှာ ဖြစ်ပါတယ်။

**ကျွန်တော်/ကျွန်မသည် -**

- လေးလေးစားစား နားထောင်ခြင်းနဲ့ စကားပြောဆိုခြင်းတို့ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။
- အခြားသူတွေအနေနဲ့ ၎င်းတို့ရဲ့ ပညာသင်ယူမှုကို အာရုံစိုက်နိုင်အောင် ပြုမူနေထိုင်သွားမှာ ဖြစ်ပါတယ်။
- လူတိုင်းကို တန်ဖိုးထားကာ ပါဝင်ခွင့်ပြုပြီး မျှမျှတတ ဆက်ဆံသွားမှာ ဖြစ်ပါတယ်။
- မိမိတို့ရဲ့ ကျောင်းပတ်ဝန်းကျင်ကို ဂရုစိုက် စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။
- ကျောင်းဝတ်စုံကို မှန်မှန်ကန်ကန်နဲ့ ဂုဏ်ယူဝံ့ကြွားစွာ ဝတ်ဆင်သွားမှာ ဖြစ်ပါတယ်။

---

## တာဝန်ယူမှု ရှိခြင်း

မိမိတို့ရဲ့ ပြုမူဆောင်ရွက်ပုံတွေကို ဂရုစိုက်ခြင်းအားဖြင့် လူတိုင်း ပညာသင်ယူနိုင်ပြီး ပေါင်းသင်းဆက်ဆံနိုင်စေမှာ ဖြစ်တယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

**ကျွန်တော်/ကျွန်မသည် -**

- တတ်နိုင်သမျှ နေ့တိုင်းကျောင်းတက်ပြီး ကျောင်းနဲ့ စာသင်ခန်းသို့ အချိန်မီ ရောက်အောင်လာကာ လိုအပ်တာတွေ ယူဆောင်လာပြီး ပညာသင်ယူဖို့ အသင့်ရှိမှာ ဖြစ်ပါတယ်။
- ကျောင်းနဲ့ စာသင်ခန်း စည်းကမ်းတွေကို လိုက်နာသွားမှာ ဖြစ်ပါတယ်။
- နည်းပညာကို ဘေးကင်းလုံခြုံစွာ အသုံးပြုပြီး ပညာသင်ယူရန် အသုံးချသွားမှာ ဖြစ်ပါတယ်။
- ကျောင်းစာတွေကို ပြီးစီးအောင် လုပ်ဆောင်ပြီး အကောင်းဆုံး ကြိုးစားသွားမည်ဖြစ်ကာ လိုအပ်ပါက အကူအညီ တောင်းခံသွားမှာ ဖြစ်ပါတယ်။
- အခြားသူတွေကို တတ်နိုင်သမျှ ကူညီသွားမှာ ဖြစ်ပါတယ်။
- မိမိပြုလုပ်ခဲ့တဲ့ အမှားတွေကနေ သင်ခန်းစာယူပြီး တိုးတက်မှုရှိအောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်။

# ဘေးကင်းလုံခြုံမှု ရှိခြင်း

မိမိကိုယ်ကိုယ် နဲ့ အခြားသူတွေကို ဂရုစိုက်ခြင်းအားဖြင့် ကျောင်းမှာ လူတိုင်း ဘေးကင်းလုံခြုံနိုင်မှာ ဖြစ်တယ်လို့ ဆိုလိုပါတယ်။

**ကျွန်တော်/ကျွန်မသည် -**

- ဆရာ/ဆရာမတွေ၊ ကျောင်းဝန်ထမ်းတွေရဲ့လမ်းညွှန်ချက်တွေကို လိုက်နာသွားမှာ ဖြစ်ပါတယ်။
- အခြားသူတွေရဲ့ နေရာ၊ ကိုယ်ရေးကိုယ်တာနဲ့ ပိုင်ဆိုင်ပစ္စည်းတွေကို လေးစားသွားမှာ ဖြစ်ပါတယ်။
- တစ်စုံတစ်ယောက်ဟာ လုံခြုံမှုမရှိဟု ခံစားနေရလျှင်ဖြစ်စေ၊ မတရားဆက်ဆံခံနေရလျှင်ဖြစ်စေ ထုတ်ဖော်ပြောဆိုပြီး အကူအညီ တောင်းခံသွားမှာ ဖြစ်ပါတယ်။
- သဘောထား ကွဲလွဲမှုတွေကို အေးဆေးတည်ငြိမ်၊ မျှတစွာ ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။

---

## လူတိုင်း ဘေးကင်းလုံခြုံစေရန် အလို့ငှာ ကျွန်တော်/ကျွန်မ အနေဖြင့် -

- ဘယ်သူဘယ်ဝါ ဖြစ်ခြင်းကြောင့်ဖြစ်စေ၊ မိမိနဲ့ မတူကွဲပြားတဲ့ အရာတွေကြောင့်ဖြစ်စေ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတရားဆက်ဆံခြင်း မပြုပါ။
- ဖုန်း၊ စက်ပစ္စည်း၊ ကွန်ပျူတာ၊ အွန်လိုင်း သို့မဟုတ် လူမှုကွန်ရက်မီဒီယာတွေမှတဆင့် အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကြမ်းဖက်ခြင်း၊ ထိခိုက်နာကျင်စေခြင်း၊ ခြိမ်းခြောက်ခြင်း၊ ထိပါးနှောင့်ယှက်ခြင်း သို့မဟုတ် အနိုင်ကျင့်ခြင်းတို့ ပြုလုပ်မည် မဟုတ်ပါ။
- ကျောင်းသို့ လက်နက်များ၊ တရားမဝင် မူးယစ်ဆေးဝါးများ၊ အရက်၊ ဗိတ်ပ် (vape)၊ အီးစီးကရက် သို့မဟုတ် ဆေးလိပ်၊ ဆေးရွက်ကြီးတို့ကို ယူဆောင်လာမည် မဟုတ်ပါ။

အထက်ပါကိစ္စတွေကို လုပ်ဆောင်မယ်ဆိုရင် လူတိုင်း ဘေးကင်းလုံခြုံစေဖို့နဲ့ ပညာသင်ယူနိုင်စေဖို့ ဝန်ထမ်းတွေက အရေးယူသွားမှာ ဖြစ်ပါတယ်။ ယင်းသို့ အရေးယူရာမှာ ကျောင်းတက်ခွင့် ဆိုင်းငံ့တာလည်း ပါဝင်နိုင်ပါတယ်။

> ပညာသင်ယူဖို့၊ ကောင်းမွန်တဲ့ ရွေးချယ်မှုတွေ ပြုလုပ်ဖို့နဲ့ ဘေးကင်းလုံခြုံစေဖို့ ကျွန်ုပ်ကို ဆရာ/ဆရာမတွေနဲ့ ဝန်ထမ်းတွေက ကူညီပေးပါတယ်။ ကျွန်ုပ်အနေနဲ့ စည်းကမ်းတွေကို လိုက်နာခြင်း၊ အခြားသူတွေကို ပံ့ပိုးကူညီခြင်း၊ ၎င်းတို့ရဲ့ အခွင့်အရေးတွေကို လေးစားခြင်းနဲ့ မိမိတို့ရဲ့ ကျောင်းအား ပညာသင်ယူခြင်းနဲ့ ပေါင်းသင်းဆက်ဆံရေးမှာ ကောင်းမွန်တဲ့ နေရာတခုဖြစ်စေဖို့ မိမိရဲ့ စိတ်ကူးအကြံဉာဏ်တွေကို မျှဝေခြင်းတို့ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

☐ ကျွန်ုပ်သည် ကျောင်းသားများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို လက်ခံရရှိကြောင်းနှင့် ၎င်းတွင်ဖော်ပြထားသည့် စည်းကမ်းချက်များကို သိရှိပြီးဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

ကျောင်းသားအမည် - ..................................................................................................................

☐ ကျွန်ုပ် / ကျွန်ုပ်တို့သည် ကျောင်းသားများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို လက်ခံရရှိကြောင်းနှင့် ၎င်းတွင်ဖော်ပြထားသည့် စည်းကမ်းချက်များကို သိရှိပြီးဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

မိဘ/ပြုစုစောင့်ရှောက်သူ အမည် - ..................................................................................................................

မိဘ/ပြုစုစောင့်ရှောက်သူ၏ လက်မှတ် - ..................................................................................................................

## တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု

အချက်အလက်များ ထပ်မံသိရှိလိုပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထံ ဖုန်းခေါ်ဆိုပါ။ ဆက်သွယ်စုံစမ်းရာတွင် ကူညီရန် စကားပြန်လိုအပ်ပါက တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု ဖုန်းနံပါတ် 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားကို ပြောတတ်တဲ့ စကားပြန်တစ်ယောက် တောင်းခံပါ။

ဖုန်းလက်ခံဖြေဆိုသူကို သင်ခေါ်ဆိုလိုတဲ့ ဖုန်းနံပါတ်ကို ပြောပြပါ။ သင်စကားပြောဆိုရာမှာကူညီဖို့ ဖုန်းလက်ခံဖြေဆိုသူက ဖုန်းလိုင်းပေါ်မှာ စကားပြန်တစ်ယောက် ထားပေးမှာ ဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုအတွက် သင့်ဆီက အခကြေးငွေ ကောက်ခံမှာ မဟုတ်ပါဘူး။